မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
**အစီရင်ခံစာ ထုတ်ပြန်ခြင်း**

# သမိုင်းမဝင်ခဲ့သော ဆန္ဒများ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မဲပေးခွင့်မရကြသော မဲဆန္ဒရှင်များ

ဒီဇင်ဘာလ ၁ ရက် ၂၀၁၅ ခုနှစ်

၂၀၁၅ နိုဝင်ဘာလ (၈) ရက်နေ့ မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ သမိုင်းမဝင်ခဲ့သော ဆန္ဒများ အမည်ရှိသော အစီရင်ခံစာတစ်စောင်ကို ယနေ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း က ထုတ်ဝေလိုက်သည်။

ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အစိုးရဖွဲ့နိုင်သည်အထိ အောင်ပွဲ ဆင်နိုင်ခဲ့သော်လည်း ရွေးကောက်ပွဲကြိုကာလများတွင် ရွေးကောက်ပွဲရလဒ်နှင့် တစ်ခြားစီဖြစ်သော ဖြစ်ရပ်များလည်း ဖြစ်ပွား ခဲ့သဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်ခွင့်သည် ပြီးပြည့်စုံသောအခြေအနေသို့ ရောက်ရှိနေပြီဟုပြောဆိုရန် မဖြစ်နိုင်သေးချေ။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ မွန်နှင့်ကရင်လူမျိုး နိုင်ငံသားထောင်ပေါင်းများစွာသည် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်မရခဲ့ချေ။ အဆိုပါအဖြစ်အပျက်များကြောင့် ပြည်တွင်းစစ်ဖြစ်ပွားရာ တိုင်းရင်းသားဒေသများရှိ ပြည်သူလူထုများအနေဖြင့် တိုင်းပြည်၏ နိုင်ငံရေးပြောင်းလဲတိုးတက်မှုဖြစ်စဉ်မှ ဖယ်ကြဉ်ခံထားရသလောဟူသည့် မေးခွန်းများ လည်း ပေါ်ထွက်လာခဲ့သည်။

**သမိုင်းမဝင်ခဲ့သော ဆန္ဒများ** အစီရင်ခံစာက ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု (၆၀) ကျော်အပေါ်တွင် အခြေခံ၍ ပြုစုထားသည်။ ၎င်းမြို့နယ်ရှိ နိုင်ငံသားများ မဲပေးခွင့်ဆုံးရှုံးရခြင်းမှာ လုံခြုံရေးအခြေအနေကြောင့် ကျေးရွာအုပ်စုပေါင်း (၃၈) စုတွင် ရွေးကောက်ပွဲမကျင်းပခဲ့ခြင်း၊ ဝေးလံ ခေါင်သီသောကျေးရွာများတွင် မဲရုံများမထားရှိနိုင်ခြင်းနှင့် ၎င်းကျေးရွာများတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှု အားနည်းခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း အစီရင်ခံစာပါ အချက်အလက်များက ဖော်ပြထားသည်။

အစီရင်ခံစာက အဓိကထောက်ပြလိုသည်မှာ နှစ်ပေါင်းများစွာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်လာခဲ့သော ကျေးရွာများတွင် လုံခြုံရေးအားနည်းသည်ဟူသော အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲမကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါကျေးရွာများတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် အဓိကတာဝန်ရှိ ကြောင်း အစီရင်ခံစာက ဝေဖန်ထားပါသည်။ သို့သော် ကွင်းဆင်းလေ့လာဖြစ်ခဲ့သော တချို့သော ကျေးရွာအများစုသည် အစိုးရမဟုတ်သော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လက်အောက်တွင် တည်ရှိနေသောကြောင့် လက်နက်ကိုင်တပ်ဖွဲ့ များအနေဖြင့်လည်း တာဝန်မကင်းချေ။

လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်း၍ မဲရုံများအလုံအလောက်ထားရှိခြင်း၊ ရွေး ကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းတို့ဖြင့် နိုင်ငံသားများ မဲပေးပိုင်ခွင့်ပိုမိုရရှိစေရန် လုပ်ဆောင်သင့်သည်ဟု မွန်ပြည်လူ့အခွင့် အရေးဖောင်ဒေးရှင်းက ရှုမြင်ပါသည်။

ကွင်းဆင်းလေ့လာခဲ့စဉ်အတွင်း နောက်နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် သင်ခန်းစာများကိုလည်း ရရှိခဲ့သည်။ ပကတိမြေပြင်အနေအထားအရ လုံခြုံရေးအခြေအနေ အမှန်တကယ်ဆိုးရွားသော ဒေသများတွင်သာ ရွေးကောက်ပွဲမကျင်းပရန် ဆုံးဖြတ်သင့်သည်။ လွတ်လပ်ပြီး အမှီအခိုကင်းစေရန်၊ မဲရုံစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်နှင့် ဝေးလံခေါင်သီသော ကျေးရွာ များတွင် ရွေးကောက်ပွဲပညာပေးမှု ပိုမိုလုပ်ဆောင်နိုင်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အမြန်ဆုံး ပြန်လည်ဖွဲ့

စည်းပြုပြင်ရမည်။

တိုင်းရင်းသားဒေသရှိ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ဆုံးရှုံးခဲ့ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် စိုးရိမ်ဖွယ်ကောင်းသော အနေအထားတစ်ရပ်ဖြစ်သည်။ လူနည်းစုတိုင်းရင်းသားများအတွက် နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးပါဝင်ခွင့်ရှိရမည်ဟူသော အာမခံချက်လည်း ဆုံးရှုံးခဲ့ရသည်။

ရွေးကောက်ပွဲရလဒ်ကြောင့် တစ်နိုင်ငံလုံးအောင်ပွဲခံနေချိန်တွင် မဲပေးခွင့်ဆုံးရှုံးခဲ့သော နိုင်ငံသားများအနေဖြင့် ထိုသမိုင်းဝင် အောင်ပွဲသည် ၎င်းတို့နှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ တိုင်းပြည်၏ နိုင်ငံရေးစနစ် ပြောင်းလဲရာတွင် ၎င်းတို့ပါဝင်ခွင့်မရခဲ့ ကြောင်း မှတ်ယူခံစားနေကြမည်ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးကို အမှန်တကယ်လိုလားပါက နောင်လာမည့်အစိုးရအဖွဲ့အနေဖြင့် အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့်ကို အာမခံချက်ပေးပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲတိုးတက်မှုတွင် နိုင်ငံသား အားလုံး တိုင်းရင်းသားအားလုံး ပါဝင်ခွင့်ရရန် အဓိကလုပ်ဆောင်ရမည်ဖြစ်ကြောင်း မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက တိုက်တွန်းလိုက်ရပါသည်။

**ဆက်သွယ်မေးမြန်းရန်**

+++++++++++++++++++

**မိထောချမ်း** (ညှိနှိုင်းဆောင်ရွက်သူ၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း)

*+၆၆ (၀) ၈ ၉၄၈၃ ၆၇၆၁, +၆၆ (၀) ၉ ၀၄၄၆ ၄၄၃၇*

**မင်းဗညားဦး** *+၆၆ (၀) ၉ ၂၇၀၅ ၃၈၆၅* (အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်လိုပါက)

အီးမေးလ်မှ မေးခွန်းများ မေးမြန်းပေးပို့လိုပါက - htawchanchan@gmail.com, banya.william@gmail.com

အင်တာနက်စာမျက်နှာ – www.rehmonny.org